# ဂါဦးနွန်းကို

## တုနှိုင်းမဲ့ ပန်းတစ်ပွင့်



အပါအဝင် စံတော်ချိန်သတင်းစာတွင်
ဖော်ပြခံရသော ဆောင်းပါးများ စုစည်းမှု (၁)

## ဂါဠိဦးနွန်းကို ရင်ထဲက “တုန္နိုင်းမဲ့ပန်းတစ်ပွင့်”ဆိုတာ ...

“ရွှေးကောက်ပွဲဝင်တဲ့ တစ္ဆေ”မတိုင်ခင်အထိ ဆောင်းပါးများ ရေးသားရန် စိတ်ကူးမရှိခဲ့ပါ ။

စာပေနယ်ပယ်ထဲသို့ ဝတ္ထုတိုဖြင့် ဝင်ရောက်လာခဲ့သော ကျွန်မသည် လုံးချင်းဝတ္ထုရေးသူတစ်ယောက်သာ ဖြစ်ချင်ခဲ့ပါ သည် ။ ဆရာကြီးရွှေဥဒေါင်းမှ အစချီကာ Stephen King , JK Rowlingတို့ ကို လွန်စွာအားကျသဖြင့် သဘာဝလွန်ဇာတ်လမ်းများ တွေးတောရခြင်းအပေါ် ရူးသွပ်စွဲလမ်းနေခဲ့ရာ နိုင်ငံရေးနှင့် ဆက်နွယ်သည့် ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများ ရေးဖွဲ့ရန် ရည်ရွယ်ချက် ထူးထူးထွေထွေ မရှိခဲ့ဖူးပါချေ ။

ဆောင်းပါးများ ရေးရန် မူလက ဆန္ဒမရှိခဲ့သော-ကျွန်မကို ရုပ်ရှင်ကားများက ဖြားယောင်းသွေးဆောင်ခဲ့သည် ။ ရုပ်ရှင်ကြည့်ရခြင်းကို နှစ်သက်၍ နာမည်ကြီးဇာတ်ကားမှန်သမျှ ရှာကြည့်ရင်း Bhoothnath Returns နှင့် ဆုံသည် ။ ကြောင်သူတော်တွေကို တွန်းလှန်ပြီး အမှန်ဘက်က ရပ်တည်ပေးမည့် လူ မရှိ၍ တစ္ဆေတစ်ကောင်က ရွေးကောက်ပွဲဝင်ရန် ကြိုးပမ်းပုံကို ဟာသဆန်ဆန် ၊ အဓိပ္ပာယ်ပါပါ တင်ဆက်ထားသော ဇာတ်လမ်းကောင်းတစ်ပုဒ် ။ ကျွန်မရင်တစ်ခုလုံး လှုပ်ခတ်သွား ခဲ့ရပြီ ။

ထိုစ ဉ် က ကျွန်မတို့ နိုင်ငံမှာ လည်း အလွန်အရေးပါသော-ရွေးကောက်ပွဲကြီး နီးကပ်နေချိန် ။ ကျွန်မသည် စွန့်လွှတ်ဝံ့သော ၊ စိတ်ရှည်

ဖွဲ့သန်သော ၊ အကြမ်းမဖက်တတ်သော အမေစု(ဒေါ်အောင်ဆန်းစုကြည်)ကို လေးစားချစ်ခင်၍ သူမတို့ ပါတီ အနိုင်မရမည် ကို စိုးရိမ်နေခဲ့မိသည် ။ သို့ကြောင့် “Bhoothnath Returns”ရုပ်ရှင်ကို ကိုးကားပြီး လာမည့် ရွေးကောက်ပွဲတွင် လူတိုင်း မဲပေးရန် လိုအပ်ကြောင်း ၊ ပြည်သူတိုင်း၏ ဆန္ဒမဲသည် အရေးပါကြောင်း တိုက်တွန်းလိုစိတ်ဖြင့် “ရွေးကောက်ပွဲဝင်တဲ့ တစ္ဆေ ”ဆောင်းပါးကို ရေးသားဖြစ်ခဲ့သည် ။ ပေးပို့ပြီး ရက်ပိုင်းအကြာမှာ စံတော်ချိန်သတင်းစာအယ်ဒီတာချုပ်ဆီက ဖုန်းလာပါသည် ။ နှစ်သက်ကြောင်း ချီးကျူးစကားဆိုပြီး အပိုင်းသစ်ကို ခပ်မြန်မြန်ပေးပို့ပေးရန် တိုက်တွန်းခဲ့သောကြောင့် နိုင်ငံတကာရုပ်ရှင်ဆောင်းပါးအပိုင်းသစ်များကို ဆက်လက်ရေးသားရန် အကြောင်းဖြစ်ခဲ့ရသည် ။

ရေးသားခဲ့ပြီးသော-ရုပ်ရှင်ဆောင်းပါးအများ စုသည် ဇာတ်ကားအပေါ် ခံစားရေးဖွဲ့ရုံသာမက ထိုဇာတ်ကားမှ တဆင့် ကျွန်မ ရရှိသော အတွေးအမြင်တွေကို အဓိကမျှဝေလိုခြင်းဖြစ်သည် ။ ရုပ်ရှင်ကို ပမာပြုပြီး နိုင်ငံတွင်းဖြစ်ပွားနေသော-အခြေအနေများ ၊ လိုအပ်ချက်များကို ကျွန်မဉာဏ်စွမ်းရှိသလောက် တိုက်တွန်းအကြံပြုလိုခြင်းသာဖြစ်သည် ။ ဥပမာ ရွေးကောက်ပွဲဝင်တဲ့ တစ္ဆေ (ရုပ်ရှင်(၁))တွင် ပြည်သူအားလုံး မဲပေးဖို့ လိုအပ်ကြောင်း ဆော်ဩထားသလို ကြယ်ပွင့်လေးတွေ လင်းပါစေ(ရုပ်ရှင်(၄))တွင် လည်း ပညာရေး၌ လိုအပ်ချက်ရှိနေသည့် ကလေးငယ်တွေကို အပြစ်မမြင်ဘဲ ဂရုစိုက်ပေးဖို့ ၊ အနုပညာဗီဇတွေကို ပျိုးထောင်ပေးဖို့ နှိုးဆော် လိုသောဆန္ဒတို့ ပါဝင်ပါသည် ။

ဤစာအုပ်ပါ ဆောင်းပါး(၁၀)ပုဒ်အနက် မှတ်မှတ်သားသားအဖြစ်ဆုံးကတော့ နံပါတ်(၁)-ရွေးကောက်ပွဲဝင်တဲ့ တစ္ဆေပါ ။ မိတ်ဆွေအများအပြား၏ သတိပြုချီးမွမ်းမှုကို ခံယူခဲ့ရ၍ ကြည်နူးဝမ်းမြောက်ခဲ့ရသောကြောင့် ပင် ။ နံပါတ်(၄)-ကြယ်ပွင့်လေး

တွေ လင်းပါစေ(Like Stars on Earth)-နှင့် ပတ်သက်သည့် အမှတ်တရ ကတော့ တိုက်ဆိုင်မှုဟု ပဲ ဆိုရမလား မပြောတတ် ။ သတင်းစာ တွင် ထိုဆောင်းပါး ဖော်ပြခံရပြီးမကြာ မြန်မာနိုင်ငံအနှံ့အပြားတွင် ကလေး များ အတွက် ပန်းချီဆွဲပွဲများ ကျင်းပပေးခဲ့၍ တိုက်တွန်းမှု ထိရောက်သ ည် ဟု တွေးကာ ကျေနပ်ပီတိဖြစ်ခဲ့ရပါ၏ ။ နံပါတ်(၆)-တုန့်ိုင်းမဲ့ပန်းတ စ်ပွင့်(The lady)-ကိုတော့ ရေးမည့် သာ ရေးရပါ သည် ...မဝံ့တဝံ့ ။ အ တ္ထုပ္ပတ္တိဇာတ်လမ်းဖြစ်၍ ကိုယ်တိုင် ကြုံတွေ့ခဲ့ရသူများ ၏ အမြင်၌ ကျွ န်မ၏ တွေးဆချက်တွေဟာ သေးဖွဲနေ လေမလား ... စိုးရိမ်မိပါသည် ။

"တုန့်ိုင်းမဲ့ပန်းတစ်ပွင့်"ဟု အမည်ပေးထားသောဤစာအုပ်ငယ်သ ည် ကမ္ဘာမြေကို အမှန်တကယ် သာယာငြိမ်းချမ်းစေလို ၍ ကျွန်မရင်ထဲ က ရှင်သန်လာခဲ့သော ငြိမ်းချမ်းရေးချိုးငှက်လေးတစ်ကောင်သာ ။ ကျွန် မရင်ထဲက ယိုစိမ့်လာခဲ့သော မေတ္တာရေစင် တစ်စက်သာ ။

ထိုချိုးငှက်တစ်ကောင် ၊ ထိုရေစင်တစ်စက်သည် ဘယ်၍ ဘယ်မျှအ တိုင်းအတာအထိ သက်ရောက်မှု ရှိမလဲ ။ ဒါကိုတော့ စာချစ်သူပရိသတ် ကပဲ သုံးသပ်ဆုံးဖြတ်ပေးလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည် ။ ။

ကမ္ဘာလောက ငြိမ်းချမ်းသာယာပါစေ ...

**စေတနာရှေ့ထားလျက်...**

**ဂါဦးနွန်းကို**

( August 1 2016 Monday )

*

အကျဉ်းစံ



ရဲရဲနီပန်း ၊ မိုးထိလွှမ်းသို့

စွမ်းကုန်သင်းထုံ ၊ လောကဘုံဝယ်

ငုံနှင်းဆီပွင့် ၊ ထိုတစ်ပွင့်တည်း

ဂုဏ်မြင့်ဆူးခက် ၊ တံတိုင်းပတ်သည်

ထက်မြက်တောက်ပ သူ့အလှ ။

လှရက်ပေလွန်း ၊ တင့်ထွန်းနှင်းဆီ

မွန်းတက်ချိန်ကျ ၊ နေမျှော်ရပြီ

မချ အားမာန် ၊ စိတ်ဓွဲထန်လျက်

အမှောင်စံရင်း ၊ ရှာကြံလင်းမည်

အချင်းပြည့်ဝ သူ့ဘဝ ။

အချိန်ကျပြီ ၊ အို…နှင်းဆီရေ

ကြည်လင်လန်းပွင့် ၊ ဆူးခက်ဖွင့်လော့

ရင့်သီးအကျဉ်း ၊ သင် လွတ်ကင်း၍

ချင်းဆင်းပြည့်ဝ ၊ နှစ်ဖြာလှကြောင့်

နေ/လ မြတ်နိုး လူမြတ်နိုး ။


**စေတနာရှေ့ထားလျက်…**

**ဂါဦးနွန်းကို**

( ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၁ရက်နေ့ထုတ် စံတော်ချိန်သတင်းစာတွင် ပါဝင်ခဲ့သောကဗျာဖြစ်ပါသည် )

*

ပြောပြချင်သည့် နိုင်ငံတကာရုပ်ရှင်(၁)
ရွေးကောက်ပွဲဝင်တဲ့ တစ္ဆေ




" ဒါဆိုရင် ဒီရွေးကောက်ပွဲမှာ ကျွန်တော် အနိုင်ရမယ်လို့ ခင်ဗျား ထင်သလား ။ "

" ကျွန်တော်တို့ တိုင်းပြည်မှာ ကျင့်သုံးနေတဲ့ နည်းနဲ့ ခင်ဗျား ပြိုင်ရင်တော့ ဒီရွေးကောက်ပွဲမှာ ခင်ဗျား နိုင်လိမ့်မယ် ။ အမိက,ကတကယ်လို့ လူရိုးတွေ ပြိုင်တိုင်းသာ ရွေးကောက်ပွဲမှာ နိုင်မယ်ဆိုရင် ကျွန်တော်တို့ လိုလူမျိုးတွေ ဟိုးအရင်ကတည်းက အလုပ်လက်မဲ့ဖြစ်နေတာကြာပြီပေါ့...။"

***

ကျွန်မ ပြောပြချင်တဲ့ -ရုပ်ရှင်ကတော့ ထိမိတဲ့ ဒိုင်ယာလော့စကားလုံးတွေနဲ့ ပရိသတ်ကို ထိုင်ရာမထစွဲဆောင်သွားနိုင်တဲ့ အိန္ဒိယဇာတ်ကားတစ်ကားပါ ။ စ-လယ်-ဆုံး ပစ်ရက်စရာမရှိတဲ့ စကားလုံးအလှအကြွတွေနဲ့ ဇာတ်ရှိန်ကို မြင့်သထက်မြင့်အောင် ဆွဲခေါ်သွားနိုင်ပါတယ် ။ တော်တော်များများ လည်း ကြည့်ဖူးကြပါလိမ့်မယ် ။ ဇာတ်လမ်းရဲ့ နာမည်ကတော့ “Bhoothnath Returns” ဖြစ်ပါတယ် ။

ဇာတ်လမ်းအကျဉ်းကို ကျွန်မ ပြောပြပါရစေ ။

မစ္စတာဘုတနာ-ဆိုတဲ့ တစ္ဆေက ကလေးတွေကို ကြောက်အောင်ခြောက်ဖို့ ကြိုးစားခဲ့ပေမဲ့ အထမမြောက်လို့ စိတ်ညစ်ညစ် နဲ့ ထိုင်နေတုန်း အာ့ကရော့-ဆိုတဲ့ ကလေးနဲ့ ဆုံဆည်းခဲ့တယ် ။ အဲဒီကလေးက တစ္ဆေတွေကို မြင်တွေ့နိုင်သူပါ ။ မစ္စတာဘုတနာနဲ့ အာ့ကရော့တို့ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကူညီရင်း ခင်မင်သွားကြတယ် ။

ဆင်းရဲသားရပ်ကွက်မှာ နေထိုင်ကြီးပြင်းလာခဲ့တဲ့ -အာ့ကရော့ဟာ အရွယ်နဲ့ မလိုက်အောင် ရင့်ကျက်သူပါ ။ နိုင်ငံခြားသား တွေကို နံ့ချာတဲ့ နေရာဒေသတွေ လိုက်လံပြသခြင်းအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူဖြစ်ပါတယ် ။ အမေတစ်ခုသားတစ်ခု ဘဝနဲ့ ဆင်းတောင့်ဆင်းရဲရပ်တည်နေရတဲ့ -ဒီကလေးကို မစ္စတာဘုတနာက သနားစိတ်ဝင်ပြီး ပိုက်ဆံရအောင် အကူအညီပေးဖို့ ဆုံးဖြတ်ခဲ့တယ် ။ သူ့ဆုံးဖြတ်ချက်ကို ပံ့ပိုးပေးတာကတော့ ဒေသတွင်းက ဆောက်လက်စအဆောက်အအုံတွေမှာ နေထိုင် နှောင့်ယှက်နေတဲ့ တစ္ဆေတွေပေ့ါ ။

အာ့ကရော့က အဆောက်အအုံပိုင်ရှင်-သူဌေးတွေနဲ့ ဈေးညှိပါတယ် ။ မစ္စတာဘုတနာကတော့ အဆောက်အအုံမှာ နေထိုင်နှောင့်ယှက်နေတဲ့

သရဲတွေနဲ့ ညှိနှိုင်းပါတယ် ။ အဲဒါအခါ အဆောက်အအုံတွေမှာ တည်ရှိနေတဲ့ ဝိညာဉ်တွေက သူတို့ ရင်ဆိုင် ခဲ့ရတဲ့ -မတရားမှုတွေကြောင့် မကျွတ်မလွတ်ဖြစ်နေရကြောင်းကို သိရှိခဲ့ရတယ် ။ ဆိုရရင်တော့ လာဘ်စားတဲ့ -အရာရှိတွေနဲ့ အာမခံ ကုမ္ပဏီက လူတွေရဲ့ မရိုးသားမှုတွေပေ့ါ ။ ကျန်ရစ်သူမိသားစုခများ ရသင့်ရထိုက်တဲ့ ငွေကြေးကို မရရှိဘဲ ဆင်းဆင်းရဲရဲနေထိုင်နေရ တဲ့ ဒုက္ခကို မစ္စတာဘုတနာ သိရှိသွားပြီးနောက် မတရားမှုကို ပြုပြင်လို့ အမှန်တရားကို ဖော်ဆောင်ပေးဖို့ ကြိုးပမ်းခဲ့ပါတယ် ။

အကျင့်ပျက်အရာရှိတွေနဲ့ အာမခံကုမ္ပဏီကလူတွေကို ခြောက်လှန့်ပြီး အကုသိုလ်ပြုလုပ်ရမှာ ကို ကြောက်ရွံ့သွားအောင် ဆုံးမလိုက်တယ် ။ ဒီလိုနဲ့ ရပ်တန့်ထားတဲ့ အဆောက်အအုံတော်တော်များများ ဟာ မစ္စတာဘုတနာရဲ့ ကျေးဇူးနဲ့ ပြန်ပြီးလည်ပတ်ခွင့် ရခဲ့သလို အာ့ကရော့ရဲ့ တစ္ဆေနှင်လုပ်ငန်းဟာလည်း တစ်စတစ်စ လူသိများ လာခဲ့ပါရော ။ တစ်နေ့မှာ အာ့ကရော့ဆီကို ဘောင်ဆာ ဟစ်-ဆိုတဲ့ လူက ဆက်သွယ်လာတယ် ။ ဘောင်က သူတို့ နယ်မြေရဲ့ အာဏာရ အမတ်တစ်ယောက်ပါ ။ တစ်ချိန်က နယ်မြေခံလူဆိုး လည်း ဖြစ်ခဲ့တဲ့ -ဘောင်ကို ကြောက်ရွံ့ရတဲ့ အတွက် သူတို့ အဆောက်အအုံကို ရှင်းလင်းပေးဖို့ အာ့ကရော့ လက်ခံလိုက်ရတယ် ။ ဘောင်ရဲ့ အဆောက်အအုံကိုရောက်မှ ဒီကိစ္စဟာ မစ္စတာဘုတနာတို့ ထင်ထားသလို ခပ်ပေ့ါပေ့ါမဟုတ်ဘဲ နိုင်ငံနဲ့ ချီတဲ့ ပြဿနာ တစ်ခုဖြစ်နေကြောင်းကို သူတို့ နှစ်ယောက် သိရှိလိုက်ရပါတော့တယ် ။

ဘောင်ရဲ့ အဆောက်အအုံမှာ ကွန်းခိုနေတဲ့ တစ္ဆေတွေက ကြီးမားတဲ့ မတရားမှုတွေကြောင့် နာကျည်းချက်တွေနဲ့ သေဆုံး ခဲ့ရသူတွေပေ့ါ ။ ဒီနေရာမှာ အဆောက်အအုံ ဆောက်ဖို့ ကိစ္စကို ဆန့်ကျင်မိလို့ မီးလောင်

တိုက်သွင်းပြီး အသတ်ခံလိုက်ရတဲ့ မြေပိုင်ရှင်တွေ ၊ ဘောင်ရဲ့ မကောင်းမှုကို အသံမြှင့်ဖို့ ကြိုးစားမိလို့ အပျောက်ရှင်းခံလိုက်ရတဲ့ ကိုယ်ကျိုးစွန့်တွေ ။ သူတို့ ဘယ်လိုလုပ် ကျွတ်လွတ်နိုင်ပါ့မလဲ ။ ဒီအကြောင်းတွေကို သိလိုက်ရတဲ့ အခါ မစ္စတာဘုတနာ အကြီးအကျယ်စိတ်တုန်လှုပ်သွားခဲ့ရ ပါပြီ ။

- ရှေးက မတရားမှုအသေးအဖွဲတွေကို သူ ဖြေရှင်းပေးနိုင်ပေမဲ့ ဒီမတရားမှုကြီးကိုကျ သူ ဘယ်လိုလုပ်ဖြေရှင်းရမလဲ ။ ဘောင်လိုသူတော်ယုတ် ကြီးစိုးနေတဲ့ ဒေသကို ဘယ်လိုနည်းလမ်းနဲ့ ကူညီကယ်တင်ရမလဲ ။

တွေဝေနေတဲ့ ဘုတနာရဲ့ စိတ်ကို တွန်းအားပေးခဲ့သူက အာ့ကရော့ပါ ။ အာ့ကရော့ရဲ့ အခါခါတိုက်တွန်းမှုကြောင့် နောက်ဆုံးမှာ ဘုတနာဟာ (ပျောက်ဆုံးနေတဲ့ အမှန်တရားကို ရှာဖွေပေးဖို့ အတွက်) ဘောင်နဲ့ ယှဉ်ပြိုင်ပြီး ရွေးကောက်ပွဲဝင်ဖို့ ဆုံးဖြတ်လိုက်ပါ တယ် ။

ဒီအပိုင်းမှာ ကျွန်မ သဘောအကျဆုံးဒိုင်ယာလော့တွေကို ကောက်နုတ်တင်ပြရရင် ...

* လူတွေက အိပ်နေကြတယ် ။ ဒီနိုင်ငံကတော့ အသက်ငင်နေပြီ ။

* ခင်ဗျားက ပြည်သူတွေရဲ့ ပိုက်ဆံကို အလွဲသုံးစားလုပ်ဖို့ ဆန္ဒရှိလို့လား (မဟုတ်ပါဘူး)၊ ခင်ဗျားမိသားစုနာမည်နဲ့ တရားမဝင်တဲ့

မြေတွေ လိုချင်လို့ လား (မဟုတ်ပါဘူး)၊ ပြည်သူ့ငွေတွေနဲ့ နိုင်ငံခြားကို အပျော်ခရီးထွက်ချင်လို့ လား (မဟုတ်ပါဘူး) ၊ နိုင်ငံရေးသမားလုပ်ပြီး နိုင်ငံ့တာဝန်ကို ထမ်းချင်လို့ လား (ဟုတ်တယ်) ။ အင်း ... ဒီလူ သေပြီးတာတောင် အသိတရားမဝင်သေးဘူး ။

* ဈေးကွက်ထဲမှာ ဆပ်ပြာမှုန့်ကုမ္ပဏီနှစ်ခုရှိတယ် ။ နှစ်ခုလုံးက အကောင်းဆုံးဖြူစင်မှုကို ပေးနိုင်တယ်လို့ ဆိုကြလိမ့်မယ် ။ ဒါဆိုလူတွေက ဘယ်တစ်ခုကို ရွေးမလဲ ။ နိုင်ငံရေးမှာ နောက်ထပ်ရှိတဲ့ အကျိုးကျေးဇူးကတော့ သူတို့ ပေးထားတဲ့ (ဖြူစင်မှု)ကတိကိုမဖြည့်ပေးတဲ့ ဆပ်ပြာမှုန့်ကိုဝယ်ပြီးရင် (၅)နှစ်တော့ အဲဒါနဲ့ ပဲ နှစ်ပါးသွားရမယ်လေ ။ (၅)နှစ်ပြီးရင် ခင်ဗျား ဆပ်ပြာမှုန့်အသစ်ကိုထုတ်လို့ ရတယ် ။ ဒါမှ မဟုတ် ဆပ်ပြာမှုန့်အဟောင်းကို ဖော်မြူလာအသစ်နဲ့ ပိုပြီးဖြူစင်လာမယ်ဆိုပြီး ပြန်တင်လို့ ရတယ် ။

ဘောင်-လိုမျိုးပေ့ါ ။

* ရူပီသန်း-နှစ်ထောင် ခိုးတဲ့ သူကို မဲပေးသင့်သလား ၊ ရူပီသန်း-တစ်ထောင် ခိုးတဲ့ သူကို မဲပေးသင့်သလား ၊ ဒါမှ မဟုတ် ရူပီသန်းနှစ်ရာ ခိုးတဲ့ သူကို မဲပေးသင့်သလား ။ သန်းနှစ်ထောင် ၊ သန်းတစ်ထောင်နဲ့ ယှဉ်ရင် သန်းနှစ်ရာခိုးတဲ့ သူက ရိုးသားတဲ့ ပုံပဲ ။

ဒ့ါကြောင့် သူ့အတွက် မဲပေးကြရအောင် ။ ကျွန်တော်တို့ မှာ တခြားရွေးချယ်စရာမရှိဘူးလေ ။ ဒါက ကျွန်တော်တို့ တိုင်းပြည်ရဲ့ အကြီးမားဆုံးပြဿနာပဲ ။ ကျွန်တော်တို့ အနှစ်သက်ဆုံးသူကို မဲပေးသင့်တယ် ။ ဒါပေမဲ့ ကျွန်တော်တို့ မနှစ်သက်မှု အနည်းဆုံးသူကိုပဲ မဲပေးရတယ် ။

* မဲပေးကြပါ ။ ဒီမိုကရေစီမှာ ခင်ဗျားတို့ မဲက ခင်ဗျားတို့ အသံပါ ။ ခင်ဗျားတို့ အသံကတဆင့် ခင်ဗျားတို့ တိုင်းပြည်ကို ခင်ဗျားတို့ ပြောတာနားထောင်အောင် လုပ်နိုင်ပါတယ် ။ ဒ့ါကြောင့် ကျယ်ကျယ်ပြောကြပါ ။ မဲမပေးတဲ့ သူတွေက သူတို့ တိုင်းပြည်ကိုသူတို့ ပြောတာ မကြားစေချင်လို့ ပါ ။ ဒါ ပြောင်းလဲရမယ့်အချိန်ပဲ ။ ဒီပြောင်းလဲမှုကို ခင်ဗျားတို့ ဖြစ်အောင် လုပ်ရမယ် ။

***

ရွေးကောက်ပွဲမတိုင်ခင်နေ့မှာ ဘောင်ရဲ့ တပည့်တွေက အာကရော့ကို လုပ်ကြံခဲ့တယ်။ အာကရော့က ဘောင်ရဲ့ တပည့် တွေ ဒုက္ခပေးမှာကို သိသိချည်းနဲ့ ဘုတနာ နောက်မဆုတ်ဖြစ်အောင် နှုတ်ဆိတ်နေခဲ့သူပါ။ (၁၀)နှစ်/(၁၂)နှစ်အရွယ် ဆင်းရဲသား လေးတစ်ယောက်ရဲ့ ရဲရင့်မှုက ကြက်သီးထလောက်အောင်ပါပဲ။

မဲပေးမယ့်နေ့မှာ ဖြစ်နိုင်ချေရှိတဲ့ -အခြေအနေနှစ်ရပ်ကို (ရှေ့နေဖြစ်သူ)ဂက်ဒီနဲ့ မစ္စတာဘုတနာတို့ အပြန်အလှန်ပြောဆို နေပုံကတဆင့် ရပ်လုံးဖော်ထားပါတယ်။ တကယ်ပဲ စိတ်လှုပ်ရှားစရာကောင်းသလို ဘယ်သူပြောတာက ဖြစ်နိုင်ချေ ပိုရှိမလဲဆိုတဲ့ အတွေးနဲ့ ပရိသတ်ကို ဦးနှောက်စားပြီး စိုးရိမ်ပူပန်စိတ်များ အောင် ပြုလုပ်ဖမ်းစားသွားနိုင်ပါတယ်။

“ ဘောင်က ငွေလိုသူကို ငွေပေးမယ်။ လွှမ်းမိုးလို့ ရသူကို လွှမ်းမိုးမယ်။ ခြိမ်းခြောက်လို့ ရသူကို ခြိမ်းခြောက်မယ်။ မတရားတဲ့ နည်းပေါင်းစုံကို သုံးပြီး ရွေးကောက်ပွဲကို အနိုင်ရအောင် လုပ်လိမ့်မယ်။ လူတွေက မစ္စတာဘုတနာကို သတိရပြီး ကျေးဇူးတင်နေမှာ မှန်ပေမဲ့ ဘောင်ကို ကြောက်ရလို့၊ မျက်နှာထောက်ရလို့၊ သူ့ဆန်စား ရဲရမှာ မို့ သူ့ကိုပဲ မဲပေးကြလိမ့်မယ်...”

လို့ ဂက်ဒီက ညှိုးငယ်စွာနဲ့ ဆိုပါတယ်။ ဂက်ဒီရဲ့ စကားကို ပါဝင်တဲ့ ဇာတ်ကောင်တွေနဲ့ တစ်ကွက်ချင်းစီ သရုပ်ဖော်သွားတဲ့ အခါ ပရိသတ်ရဲ့ စိတ်ထဲမှာ အဲဒီလိုများ ဖြစ်တော့မှာ လား-ဆိုတဲ့ အတွေးနဲ့ မချင့်မရဲခံစားမိလာစေအောင် ဖန်တီးထားပါတယ်။

အဲဒါက ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မနက်ဖြန်ဟာ ဒီနိုင်ငံမှာ တစ်ခါမှ

မမြင်ဖူးသေးတဲ့ မနက်ခင်းတစ်ခုကို သယ်ဆောင်လာပါ လိမ့်မယ်-ဆိုတဲ့ စကားနဲ့ အစချီပြီး ဘုတနာက ဂက်ဒီရဲ့ အယူအဆနဲ့ ဆန့်ကျင်ဘက်အခြေအနေတွေကို ချပြလိုက်တယ်။

“ နိုင်ငံနဲ့ ဆိုင်တဲ့ အားလပ်ရက်ကို ကိုယ်ပိုင်ခွင့်ရက်အဖြစ် ပျော်ပွဲစားထွက်ပြီး အသုံးချမယ့်လူတွေဟာ အကြောင်းတစ်ခုခုကြောင့် စိတ်ပြောင်းသွားလိမ့်မယ်။ ငွေကြေးနဲ့ ဝယ်ယူဖို့ ကြိုးစားခံရတဲ့ သူတွေက သူတို့ ဟာ ရောင်းဖို့ မဟုတ်တဲ့ အကြောင်း ဘောင်တို့ အဖွဲ့ကို ပြန်ပြောလိမ့်မယ်။ အာဏာနဲ့ လွှမ်းမိုးခံရသူတွေက သူတို့ မှာ အသိတရား ကျန်သေးတဲ့ အကြောင်း ပြန်အော်လိမ့်မယ်။ နောက်ဆုံး…ကိုယ်အဂ္ဂါ ချို့တဲ့ သူတွေကတောင် နိုင်ငံအတွက် မဲလာပေးလိမ့်မယ်။”

* မတိုက်ခိုက်ဘဲ အရှုံးပေးလိုက်တာထက် တိုက်ဖို့ ကြိုးစားပြီးနိုင်သွားတာမျိုးလည်း ဖြစ်နိုင်တာပါပဲ။ ဘာမှ လုပ်လို့ မရဘူးလို့

မတွေးတော့ဘဲ သူတို့ တစ်ခုခုလုပ်ရင် ကောင်းတာတွေဖြစ်လာလိမ့်မယ်လို့ လူတွေ တွေးပေးကြပါလိမ့်မယ် …

အစရှိတဲ့ စကားတွေနဲ့ ဘုတနာရဲ့ အတွေးကို တစ်ကွက်ချင်းစီ သရုပ်ဖော်သွားပုံက ကြည့်ရသူအဖို့ မျက်ရည်ဝဲလောက်အောင်ပါပဲ။ တပြိုင်နက်တည်းမှာ စိတ်အားတက်ကြွမှုကိုလည်း ဖြစ်ပေါ်လာစေပါတယ်။

ဇာတ်သိမ်းမှာ မဲပေးပွဲကို တကယ်မပြတော့ဘဲ အာကရော့ ပြန်သတိရလာတာရယ်၊ (မစ္စတာဘုတနာ ဝင်ရောက်ယှဉ်ပြိုင် တဲ့ )ပြည်နယ်က လူတွေ ပျော်ရွှင်ကခုန်နေကြတာရယ်နဲ့ လှလှပပအဆုံးသတ်ထားပါတယ်။ ဒါဆို သိလိုက်ပြီလေ။ ရွေးကောက်ပွဲ မှာ ဘယ်သူ အနိုင်ရသွားသလဲဆိုတာ…။

***

ကျွန်မ ပြောပြချင်တဲ့ ရုပ်ရှင်ဇာတ်လမ်းအစအဆုံးကို အတတ်နိုင်ဆုံး အတိုချုံ့လို့ ပြောပြပြီးခဲ့ပါပြီ ။

ဒီဇာတ်ကားလေးမှာ ပေးချင်တဲ့ ဒဿနတွေ ပြည့်နှက်နေတယ်လို့ ယူဆမိပါတယ် ။ ထိမိတဲ့ စာသားတွေကလည်း အတုယူဖို့ ကောင်းသလို သရုပ်ဆောင်တွေကလည်း ကျရာဇာတ်ရုပ်မှာ အပိုအလိုမရှိ ကွက်တိသရုပ်ဆောင်သွားကြပုံကလည်း အားကျစရာ ပါပဲ ။ ဒီဇာတ်လမ်းဟာ သူတို့ နိုင်ငံတစ်ခုတည်းကိုသာ ကိုယ်စားပြုတာမဟုတ်ဘဲ ဒီမိုကရေစီအသွင် ကူးပြောင်းစနိုင်ငံအားလုံးရဲ့ အခြေအနေကို လှစ်ဟဖွင့်ချလိုက်သလိုမျိုး ခံစားရစေလိမ့်မယ်လို့ ကျွန်မ ထင်တယ် ။

(၁) - နိုင်ငံရေးရဲ့ နောက်ကွယ်မှာ ၊ ရွေးကောက်ပွဲရဲ့ နောက်ကွယ်မှ ဘယ်လိုအခက်အခဲတွေ ရှိနေနိုင်တယ်ဆိုတာကို (ကျွန်မလို)ဘာမှ မသိတဲ့ လူတွေ အနည်းအကျဉ်း မျက်စိပွင့်နားပွင့်ဖြစ်အောင် တင်ပြထားနိုင်တဲ့ အချက်ရယ် ၊

(၂) - နိုင်ငံတစ်နိုင်ငံ ပြောင်းလဲဖို့ အတွက် ကယ်တင်ရှင် ဒါမှ မဟုတ် အင်မတန်ထက်မြက်ထူးချွန်တဲ့ ခေါင်းဆောင်းကောင်းလောင်းလျာကို ထိုင်စောင့်မနေနဲ့ ။ နိုင်ငံသားတွေရဲ့ စည်းလုံးညီညွတ်မှုကပဲ အဓိကကျတယ် ။ နိုင်ငံကို ပြောင်းလဲစေချင်ရင် အဲဒီနိုင်ငံသားအားလုံးကပဲ တတ်နိုင်လိမ့်မယ် ။ ကလေးကအစ လူကြီးအဆုံး တာဝန်ရှိတယ် ။ နိုင်ငံကို အမှန်တကယ် တိုးတက်စေချင်ရင် လူတိုင်းကိုယ်စီ စည်းကမ်းရှိရှိနဲ့ တတ်နိုင်တဲ့ ဘက်က ကြိုးပမ်းဖို့ လိုတယ် ။ ကိုယ်ကျိုးစွန့်ပြီး ရေရှည်အတွက် စဉ်းစားသင့်တယ် ၊ တွေးခေါ်ကြိုးပမ်းသင့်တယ်ဆိုတဲ့ အချက်ရယ် ၊ ဒီနှစ်ချက်ကတော့ ဒီဇာတ်လမ်းလေးကတဆင့် ကျွန်မ ရရှိခဲ့တဲ့ အတွေးအခေါ်တွေဖြစ်တာကြောင့် စာဖတ်သူတွေထံ လက်ဆင့်ကမ်း မျှဝေရင်း

ကြည့်သင့်တဲ့ ဇာတ်ကားကောင်းတစ်ကားအဖြစ် မှတ်တမ်းတင်ပါရစေ ။

ကျွန်မ မျှော်လင့်မိပါတယ် ။ ကျွန်မရဲ့ လက်ဆင့်ကမ်းမှုက စာဖတ်သူရဲ့ ဦးနှောက်နဲ့ နှလုံးအိမ်ကို တစ်စုံတစ်ခု အကျိုးပြုခွင့်ရလိမ့် မယ်လို့ ...။ ။

ကမ္ဘာလောက ငြိမ်းချမ်းသာယာပါစေ......

**စေတနာရှေ့ထားလျက်...**

**ဂါဦးနွန်းကို**

( ၂၀၁၅ခုနှစ် နိုဝင်ဘာလ(၁)ရက်နေ့ထုတ် စံတော်ချိန်သတင်းစာ - အတွေးအမြင်ကဏ္ဍတွင် ဖော်ပြခံခဲ့ရသောဆောင်းပါးဖြစ်သည် )

*